**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်စစ်ဆေးရေးဌာနခွဲအနေဖြင့် Financial Inclusion လုပ်ငန်းစဉ်များအတွက် ASEAN WC-FINC လုပ်ငန်းကော်မတီအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သောငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ စတင်အကောင်အထည်ဖော်ခဲ့သည့် ၂၀၁၄ ခုနှစ်မှစတင်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှ စတင်၍ ASEAN Financial Inclusion လုပ်ငန်းကော်မတီ (WC-FINC) ၏ အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံ၏ Financial Inclusion ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို အာဆီယံ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။ ယင်းတွင် အာဆီယံဒေသတွင်း နိုင်ငံများအကြား သဘောတူညီမှုဖြင့် ပြီးမြောက်အောင်ဆောင်ရွက် နိုင်မည့်အကျိုးရလဒ် (၄)ခု (Desired Outcomes-DOs) ကို အောက်ပါအတိုင်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) ဒေသတွင်းနိုင်ငံများမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Financial Inclusion ဆိုင်ရာနည်းဗျူဟာများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အထောက်အကူပြုခြင်း၊

(ခ) အားလုံးပါဝင်နိုင်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများအတွက် အရည်အသွေးတည်ဆောက်မှုပိုင်းဆိုင်ရာလုပ်ငန်းစဉ်များ မြှင့်တင်ဆောင်ရွက်ပေးခြင်း၊

(ဂ) ဒီဂျစ်တယ်စနစ်ဘဏ္ဍာရေးဆိုင်ရာ အားလုံးပါဝင်နိုင်မှုကို တိုးတက်ကောင်းမွန်စေခြင်း၊

(ဃ) ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်မှုနှင့် အသိပညာတိုးတက်မှုများအတွက် ပညာပေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ပေးခြင်း။

ယင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် DO(1)နှင့် DO(2) တို့ကို အာဆီယံ WC-FINC လုပ်ငန်းကော်မတီ၏ အထောက်အပံ့ပြုမှုဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး DO(3) နှင့် DO(4) လုပ်ငန်းစဉ်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် သက်ဆိုင်ရာအာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ WC-FINC လုပ်ငန်းကော်မတီ၏ ၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) Desire Outcome-1 (DO-1) နှင့်စပ်လျဉ်းသည့် စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှု အတွက် အာဆီယံဒေသတွင်း နိုင်ငံများအကြား Digital Financial Literacy (DFL) ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အစီရင်ခံစာကို AFI ၏ ပူးပေါင်းဆောင်ရွက်မှု ဖြင့်ထုတ်ပြန်နိုင်ခြင်း၊

(ခ) Desire Outcome-3 (DO-3) နှင့်စပ်လျဉ်းသည့် အာဆီယံဒေသတွင်း နိုင်ငံများ အကြား National Digital ID အသုံးပြုခြင်းမှ ရရှိလာသည့် အတွေ့အကြုံ ကောင်း များ မျှဝေပေးခြင်း၊ အထူးသဖြင့် Digital Financial Infrastructure လုပ်ငန်း စဉ်များ အဆင့်သင့်ဖြစ်မှု (Readiness)နှင့် Digital စနစ်အသုံးပြုသည့် ငွေပေး ချေမှုဆိုင်ရာလုပ်ငန်းစဉ်များကို မျှဝေဆောင်ရွက်နိုင်ခဲ့ခြင်း၊

(ဂ) Desire Outcome-4 (DO-4) နှင့်စပ်လျဉ်းသည့် အာဆီယံဒေသတွင်း နိုင်ငံများ အကြား ဒီဂျစ်တယ်ငွေကြေးဆိုင်ရာ အသိပညာပေးရေးနှင့် စားသုံးသူအကာ အကွယ် ပေးရေးလုပ်ငန်းစဉ်များ (Financial Literacy and Consumer Protection) ကို COVID-19 ရောဂါဖြစ်ပွားနေသည့် ကာလရှည်အတွင်း မည်ကဲ့ သို့ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြကြောင်း အသိပညာမျှဝေရေး တိုးတက်လုပ် ဆောင်နိုင်ခဲ့ခြင်း၊

(ဃ) Desire Outcome-4 (DO-4) နှင့်စပ်လျဉ်း၍၂၀၂၂ခုနှစ် အောက်တိုဘာလ (၃၁) ရက် နေ့တွင်ကျရောက်မည့် ASEAN Saving Day တွင် အာဆီယံနိုင်ငံများက ဒီဂျစ်တယ်ငွေကြေးဆိုင်ရာ အသိပညာပေးမှုနှင့် စားသုံးသူအကာအကွယ်ပေး ရေးဆိုင်ရာကိစ္စရပ်များအတွက် ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ စိန်ခေါ်မှု များကို အင်တာဗျူးမေးမြန်းခြင်းမှ ရရှိလာမည့် သတင်းအချက်အလက်များ၊ အတွေ့အကြုံများအား အာဆီယံဒေသတွင်းနိုင်ငံများ အကြားမျှဝေနိုင်ခဲ့ခြင်း တို့ ဖြစ်ပါသည်။

၃။ (၁၃) ကြိမ်မြောက် ASEAN Financial Inclusion လုပ်ငန်းကော်မတီ အစည်းအဝေးကို ၂၀၂၂ ခုနှစ်ဖေဖော်ဝါရီလ(၁၀)ရက်နေ့တွင်ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးတွင် နည်းပညာအထောက် အကူဖြစ်သည့် AFI ၏ နည်းပညာများဖြင့်အာဆီယံဒေသတွင်း နိုင်ငံများ အကြား Digital Financial Literacy (DFL) ဆိုင်ရာ သတင်းအချက်အလက်ကောက်ယူခြင်းနှင့် သက်ဆိုင်ရာ နိုင်ငံများအကြား Data နှိုင်းယှဉ်ဆောင်ရွက်ချက်များ၊ စံနှုန်းသတ်မှတ်ချက်များ တိုးတက်လာ စေရေးလမ်းညွှန်ချက်လက်စွဲ (Development of Guidelines on Collection Data on DFL) ပေါ်ထွက်လာရေး လုပ်ဆောင်သွားရန် AFI မှ ဖော်ပြပေးခဲ့သည့် Option (၃)ခု အနက်

Option(၁) ကို WC-FINC လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက ရွေးချယ်ခဲ့ ကြပါသည်။ ထို့အပြင် WC-FINC လုပ်ငန်းကော်မတီအဖွဲ့ဝင်များက UNCDF အနေဖြင့် Financial Inclusion ဆိုင်ရာ Developing Report on Monitoring Financial Inclusion in ASEAN (2022)ကို ထုတ်ပြန် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတွက်ပူးပေါင်းဆောင်ရွက်သွားရန်သဘောတူညီခဲ့ကြပါသည်။

၄။ (၁၄) ကြိမ်မြောက် ASEAN Financial Inclusion လုပ်ငန်းကော်မတီ အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် လာအိုနိုင်ငံ (Bank of the Lao PDR) နှင့် စင်ကာပူ နိုင်ငံ (Monetary Authority of Singapore) တို့က ဦးဆောင်ကျင်းပခဲ့ကြပါသည်။ ယင်း အစည်းအဝေးတွင် Update from Development Partners ခေါင်းစဉ်အောက်၌ United Nations Capital Development Fund (UNCDF)မှ တာဝန်ရှိသူများက အာဆီယံဒေသတွင်း နိုင်ငံများအကြား Financial Inclusion လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ASEAN Report on Monitoring Financial Inclusion (2022) အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများထံမှ သတင်းအချက်ဒေတာ ကောက်ယူ ရရှိမှု၊ ရရှိလာသော သတင်းအချက်အလက်များအား စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ၊ အစီရင်ခံစာ အားသတ်မှတ်အချိန်ကာလအတွင်း အပြီးသတ်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်း လင်းဆွေးနွေးပါသည်။

၅။ (၁၅) ကြိမ်မြောက် ASEAN Financial Inclusion လုပ်ငန်းကော်မတီ အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နှင့် ၉ ရက်နေ့များတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးတွင် ဆွေးနွေးချက်အနေဖြင့် အာဆီယံဒေသတွင်းနိုင်ငံများ၏ financial exclusion ပျမ်းမျှအဆင့်သည်သက်ဆိုင်ရာ နိုင်ငံအဖွဲ့ဝင်များ၏ သတင်းအချက်အလက် တင်ပြ မှုများအရ လက်ရှိတွင် ၂၂.၄ ရာခိုင်နှုန်းသို့ ရောက်ရှိနေခဲ့ပြီး Financial Integration ၏ မဟာဗျူဟာမြောက် လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ရမည့် ၂၀၂၅ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းသို့ ရောက်ရှိရမည်ဟူသည့် ဦးတည်ချက်ကို ကျော်လွန်ဆောင် ရွက်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ The 2022 Report on Measuring Progress of Financial Inclusion in ASEAN အစီရင်ခံစာ ထုတ်ပြန် နိုင်ရေးနှင့်စပ်လျဉ်း၍ အဆိုပါအစီရင်ခံစာတွင် ဘဏ္ဍာရေးဆိုင်ရာစွမ်းရည်၊ ဘဏ္ဍာရေးဆိုင်ရာပါ ဝင်နိုင်စွမ်းရှိမှု၊ ဘဏ္ဍာရေးဆိုင်ရာ ဒူပေနာပေခံနိုင်ရည်ရှိမှုများကို မီးမောင်းထိုးပြ ထားပြီး Working Committee on Financial Inclusion (WC-FINC) နှင့် ASEAN Coordinating Committee on Micro, Small, and Medium Enterprises (ACCMSME) တို့အကြားပူး ပေါင်းဆောင်ရွက်ခြင်းဖြင့်အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအထောက်အပံ့ပြုမှု၊ ဒစ်ဂျစ်တယ်အသုံးပြုမှုစွမ်းရည် တိုးတက်လာစေရေးအတွက်

နက်ရှိုင်းစွာပူးပေါင်းပါဝင်ဆောင်ရွက်မည့် နည်းလမ်းများ၊ မူဝါဒပိုင်းဆိုင်ရာ အကြံပြုဆွေးနွေး ချက်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ လက်ရှိအခြေ အနေအတွက် financial inclusiveness လုပ်ငန်းစဉ်များတိုး တက်ကောင်းမွန်လာစေရေး သတင်းအချက်အလက် မျှဝေမှု အခြေအနေများကို ဆွေးနွေးကြပါသည်။

၆။ **တိုးတက်ဖြစ်ထွန်းမှုအခြေအနေများ။** မြန်မာနိုင်ငံတွင်အားလုံးပါဝင်ဆောင်ရွက်နိုင်သော ငွေရေး ကြေးရေးကဏ္ဍ တည်ဆောက်ရေးလမ်းပြမြေပုံ (၂၀၁၉-၂၀၂၃) အရ မြန်မာနိုင်ငံတွင် ငွေကြေး ဆိုင်ရာပါဝင်နိုင်မှုနှုန်းသည် ၂၀၁၉ ခုနှစ်တွင် ၄၈% ရှိရာမှ ၂၀၂၃ ခုနှစ်တွင် ၆၀% သို့ ၎င်း၊ ငွေကြေးဆိုင်ရာဝန်ဆောင်မှုတစ်မျိုးထက် ပိုမိုသုံးစွဲနိုင်သည့် အရွယ်ရောက်ပြီးသူဦးရေသည် ၂၀၁၉ ခုနှစ်တွင် ၁၇% ရှိရာမှ ၂၀၂၃ ခုနှစ်တွင် ၂၅% သို့၎င်း ရောက်ရှိရန် ဦးတည်ချက် ချမှတ်ခဲ့ပါသည်။ အဆိုပါ လမ်းပြမြေပုံတွင် မဏ္ဍိုင်(၅)ရပ် ပါဝင်ပြီး ၎င်းတို့မှာ (၁) ဝင်ငွေနည်း ပြည်သူများသို့ ငွေကြေးဝန်ဆောင်မှုပေးခြင်း (၂) SMEs များ နှင့် လုပ်ငန်းပမာဏကြီးမားသော လယ်သမားများအားငွေ ကြေးဝန်ဆောင်မှုပေးခြင်း (၃) စုငွေစု ဆောင်းခြင်း (၄) ဒစ်ဂျစ်တယ် စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုပေးခြင်းနှင့် (၅) စားသုံးသူများအား ငွေကြေးဆိုင်ရာ အသိပညာ ပေးခြင်းနှင့် အကာအကွယ်ပေးခြင်းစသည်တို့ ပါဝင်ပါသည်။ သက် ဆိုင်ရာဌာန/အဖွဲ့ အစည်း များမှအဖွဲ့ဝင်များပါဝင်သည့် Steering Working Committees(၅)ခု ဖွဲ့စည်းခြင်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၇) ရက်နေ့တွင်ဆောင်ရွက်ခဲ့ပြီး အဆိုပါမဏ္ဍိုင်ကြီး (၅)ရပ်အား သက်ဆိုင် ရာကော်မတီအဖွဲ့ဝင်များက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။

၇။ မြန်မာနိုင်ငံတွင် မိုဘိုင်းငွေကြေးဝန်ဆောင်မှုများသည် ၂၀၁၆ ခုနှစ်မှစတင်၍ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စာရင်းအရ မိုဘိုင်းငွေကြေးဝန်ဆောင်မှုအသုံး ပြုနိုင်သည့် အရွယ်ရောက်ပြီးသူဦးရေတိုးတက်မှုနှုန်းသည်၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် ၂.၃၅% ရှိခဲ့ရာမှ ၂၀၂၀-၂၁ ဘဏ္ဍာရေးနှစ်တွင် ၆၅.၀၄% သို့တိုးတက်လာခဲ့ပါသည်။ ထို့အပြင်သက်ဆိုင် ရာအဖွဲ့အစည်းများ (ဘဏ်များ၊ အသေးစားချေးငွေလုပ်ငန်းများ၊ သမဝါယမများ၊ မိုဘိုင်းငွေကြေး ဝန်ဆောင်မှုပေးသူများ)၏ စာရင်းအရတရားဝင်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတစ်မျိုးကိုသုံးစွဲနိုင် သည့်အရွယ်ရောက်ပြီးသူဦးရေသည် လျှင်မြန်စွာတိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလစာရင်းအရ အရွယ်ရောက်ပြီး သူဦးရေ၏ ၈၄% သို့တိုးတက်လာခဲ့ပြီး ယင်း သည် မြန်မာနိုင်ငံ၏ အရွယ်ရောက်ပြီး သူဦးရေ ၃၈ သန်းပေါ်တွင် အခြေခံပါသည်။

၈။ မြန်မာနိုင်ငံတွင် ဒီဂျစ်တယ်စနစ်အသုံးပြု ငွေကြေးစီးဆင်းမှုဂေဟစနစ် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုလမ်းကြောင်းများ၊ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ၊ စည်းမျဉ်း၊ ဥပဒေမူဘောင်များကို တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်လိုအပ်လျက်ရှိပြီး ယင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ ၎င်းတို့၏ အတွေ့အကြုံများ၊ အသိအမြင်များမျှဝေရန်နှင့် ဒီဂျစ်တယ်စနစ်အသုံးပြုမှုတွင် လိမ်ညာမှုများကင်းရှင်းစေရန်၊ Cyber securities နှင့်နည်းပညာရပ်ပိုင်းဆိုင်ရာ လုံခြုံမှုများတိုးတက်လာစေရန် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။